သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ် ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာအဖွဲ့ (JDR)

ဒုတိယအသုတ် စေလွှတ်ခြင်းနှင့် မြန်မာနိုင်ငံရှိ လျှောင်ဒဏ်သင့်ပြည်သူများအတွက်

အရေးပေါ်ထောက်ပံ့ငွေပေးအပ်ခြင်း

၂၀၂၅ ခုနှစ် ဧပြီလ ၁၁ ရက်နေ့

၁။ မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများတွင် ဆေးဘက်ဆိုင်ရာအကူအညီ အများအပြား လိုအပ်နေသည့် အခြေအနေကို ထည့်သွင်းစဉ်းစား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာအဖွဲ့ (JDR) ဒုတိယအသုတ်ကို မြန်မာနိုင်ငံသို့စေလွှတ်ရန် ဂျပန်နိုင်ငံအစိုးရက ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ JDR ဒုတိယအသုတ်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် JICA အဖွဲ့အစည်းတို့တွင် တရားဝင်မှတ်ပုံတင်ထားသော ဆရာဝန်များနှင့် သူနာပြုများပါဝင်သည့် အဖွဲ့ဝင် ၃၇ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ဧပြီလ ၁၂ ရက်နေ့တွင် ဂျပန်နိုင်ငံမှ ထွက်ခွာမည်ဖြစ်ပါသည်။

၂။ ထို့အပြင် အရေးပေါ်ကူညီထောက်ပံ့ငွေအဖြစ် ထောက်ပံ့ပေးအပ်ရန် ဧပြီလ ၂ ရက်နေ့တွင် ဂျပန်အစိုးရကကြေညာခဲ့သော အမေရိကန်ဒေါ်လာ ၆ သန်းနှင့်ပတ်သက်၍လည်း မြေပြင်အခြေအနေ လိုအပ်ချက်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူ အညီများကို ထိရောက်စွာ အကောင်အထည်ဖော်ပေးအပ်နိုင်ရေးကို ထည့်သွင်းစဉ်းစားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (IOM)၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့မှတဆင့် ကျန်းမာရေးနှင့်

ဆေးဘက်ဆိုင်ရာကဏ္ဍ၊ ရေ၊ သန့်ရှင်းရေးနှင့် စားနပ်ရိက္ခာကဏ္ဍများအတွက် ထောက်ပံ့ပေးအပ်သွားရန် စီစဉ်ထားပါသည်။

၃။ ဂျပန်နိုင်ငံအစိုးရသည် မြေပြင်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး အမှန်တကယ် ကူညီထောက်ပံ့မှုများ လိုအပ်နေသော မြန်မာပြည်သူပြည်သားများ တိုက်ရိုက် အကျိုးခံစားရရှိစေမည့် နည်းလမ်းများဖြင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို အစွမ်းကုန် ဆက်လက်ထောက်ပံ့ကူညီသွားမည် ဖြစ်ပါသည်။

(ကိုးကားချက် ၁) မြန်မာပြည်သူပြည်သားများအတွက် ဂျပန်အစိုးရ၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ (၂၀၂၅ ခုနှစ် ဧပြီလ ၁၁ ရက်နေ့အထိ) (PDF(Japanese)/ PDF(English))

(ကိုးကားချက် ၂) ကူညီပံ့ပိုးခဲ့သည့် လူမှုရေးအဖွဲ့အစည်းများ၊ ထောက်ပံ့ပေးအပ်ခဲ့သည့် ပမာဏနှင့် ကူညီပံ့ပိုးမည့်ကဏ္ဍများ

- **အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)** ：ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာကဏ္ဍ (အမေရိကန် ဒေါ်လာ ၂ သန်း)
- **ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (IOM)**: ကျန်းမာရေး နှင့် ဆေးဘက်ဆိုင်ရာကဏ္ဍ (အမေရိကန် ဒေါ်လာ ၁ သန်း)
- **ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)** ：ရေ၊ သန့်ရှင်းရေး (အမေရိကန် ဒေါ်လာ ၂ သန်း)
- **ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)** ：စားနပ်ရိက္ခာကဏ္ဍ (အမေရိကန် ဒေါ်လာ ၁ သန်း)